ဖုင်ကွံန်အီပ်ုန် တအာင်း

**Ta'ang Women's Organization**

တအာင်းအမျိုးသမီးအဖွဲ့အစည်း

၂၀၁၃ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့

# နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ အထိမ်းအမှတ် အပေါ် တအာင်းအမျိုးသမီးအဖွဲ့ အစည်း၏

# ထုတ်ပြန်ကြေညာချက်

၁၉၉၉ခုနှစ်၊ဒီဇင်ဘာလ (၁၇)ရက်နေ့တွင်ကျင်းပသောကမ္ဘာ့ကုလသမဂ္ဂ၏(၅၄)ကြိမ်မြောက်အထွေထွေညီလာခံ၏(၈၃) ကြိမ်မြောက်မျက်နှာစုံညီအစည်းအဝေးသည်တတိယကော်မတီ၏အမှတ်၅၄/၁၃၄အရနိုဝင်ဘာလ၂၅ရက်နေ့ကိုနိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ်သတ်မှတ်ရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ယနေ့ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့အထိမ်းအမှတ်တွင် အမျိုးသမီးများအကြမ်းဖက်မှု မှန်သမျှကိုဆန့်ကျင်ခြင်းနှင့် တိုင်းပြည်အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်နိုင်ရန်အတွက် ပြည်သူလူထုများအားလုံးပူးပေါင်းဆောင်ရွက်ကြပါရန် တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံလူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများနှင့် မိခင်များဖြစ်ကြပါသည်။ သို့သော် ထက်ဝက်ကျော် အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် အိမ်တွင်းအကြမ်းဖက်မှု၊ ပတ်ဝန်းကျင် အကြမ်းဖက်မှုနှင့် နိုင်ငံတော်အစိုးရကိုယ်တိုင်မှ နည်းနည်းအမျိုးမျိုးဖြင့် အကြမ်းဖက်မှုတို့ကိုနေ့စဉ်နှင့်အမျှ ခံစားနေကြရပါသည်။

မြန်မာနိုင်ငံအစိုးရသစ် သမ္မတဦးသိန်းစိန်တက်လာပြီးနောက်ပိုင်းတွင်တအာင်းဒေသတွင် နေ့စဉ်နှင့်အမျှ တိုက်ပွဲများဆက်တိုက် ဖြစ်ပွားလျှက်ရှိပါသည်။ မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများ ရှိသော်လည်းတိုက်ပွဲများလျော့ကျသွားခြင်းမရှိဘဲအောက်ခြေအဆင့်တွင် မြန်မာအစိုးရစစ်တပ်နှင့် ခံစစ်တပ်ဖြစ်သော တအာင်းတပ်မတော်၊ ကချင်တပ်မတော်တို့ နေ့တရက်ဝ တိုက်ပွဲများဖြစ်ပွားမှုကြောင့် တအာင်းပြည်တွင်းစစ်ပြေး ဒုက္ခသည်လူဦးရေ(၅၀၀၀)နီးပါးရှိပြီး ထက်ဝက်ကျော်သည် အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြပါသည်။ထို့အပြင် နှစ်ဖက်စစ်ပွဲကြောင့် အမျိုးသမီးနှင့်

ကလေးများထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းစသည့်တို့ဖြစ်သည့်အပေါ် တအာင်းအမျိုးသမီးအဖွဲ့အစည်းအနေဖြင့် စိုးရိမ်မကင်းဖြစ်မိပါသည်။

ထို့နောက် တအာင်းဒေသတွင် မူးယစ်ဆေးဝါး စိုက်ပျိုးမှုနှုန်း၊ ရောင်းဝယ်ဖြန့်ဖြူးမှုနှုန်းနှင့် သုံးစွဲမှုနှုန်းသည် တစ်နေ့ထက်နေ့ ပိုမိုများပြားလာခြင်းကြောင့် အမျိုးသမီးများသည် မူးယစ်ဆေးဝါး သားကောင်များဖြစ်လာကြပါသည်။ အိမ်တွင်းအမျိုးသား နှင့်သားများ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှု ဒဏ်ကိုခံစားနေရသည့်အပြင် မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်နေရပါသည်။

ထို့အပြင် တအာင်းဒေသတွင် လက်ဖက်ဈေးကွက်မရှိသည့်အတွက်ကြောင့် တအာင်းပြည်သူလူထုသည် ရရာအလုပ်ရှာပြီး တရုတ်ပြည်နှင့် တခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရာများသောအားဖြင့် အမျိုးသမီးများသည် လူကုန်ကူးခံရမှု များစွာ ကြုံတွေ့နေရပါသည်။

အမျိုးသမီးများအပေါ် နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်မှုရှိနေသော်လည်းလျော့ကျသွားစေရန်အတွက် မြန်မာအစိုးရမှ ပညာပေးမှုစသည့်တို့ အလွန်နည်းပါးနေသည်ကိုမီးမောင်းထိုးပြချင်ပါသည်။ ၎င်းအပြင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကြားတွင် အမျိုးသမီးများနှင့် ကလေးများမှာ ဒုက္ခပင်လယ်အခံရဆုံးဖြစ်သည့်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ သဘောထားများပါဝင်ရန် အလွန်အရေးကြီးပါသည်။

မြန်မာနိုင်ငံ ပြည်တွင်းစစ် ရပ်စဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ စစ်မှန်သည့် ဖယ်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးစသည်တို့တွင် အမျိုးသမီးများ ဦးဆောင်ပါဝင်နိုင်ရန်အတွက် အလေးထား ဂရုပြုထည့်သွင်းစဉ်းစားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**"အိမ်တွင်းငြိမ်းချမ်းရေးမှသည်ငြိမ်းချမ်းသောကမ္ဘာဆီသို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့် ဖို့ အမျိုးသားများ လည်းပါဝင်စို့ "**

**တအာင်းအမျိုးသမီးအဖွဲ့ အစည်း**

**အလုပ်အမှုဆောင်ကော်မတီ**

**ဆက်သွယ်ရန်-**

**ဒီဒီပို;စေင် (အထွေထွေအတွင်းရေးမှူး) ၀၉ ၆၇၁၈၂၁၈**

**လိုင်းစမွန် (အလုပ်အမှုဆောင်ကော်မတီ) ၀၉ ၄၀၃၇၄၅၉၈၅**